ပိုးပိုးစာပေ

# အကြည်ဝက်

# အမှာစာ

'' သံသရာကိုမခင်တွယ်ပါဘူး'' ဟုဆို၍ မြေးလေးနဖူးနမ်းသူရှိနေသေးသရွေ့ ဟာသ စာပေများ တိမ်ကောလိမ့်မည်မဟုတ်...။

လူတစ်ယောက် သွားရိုးသွားစဉ် အတိုင်းသွားလျှင် မည်သို့မှမဖြစ်။ လူအထင် ကြီးစေချင်၍ အရပ်ထောက်၍ မြောက်ကြွ မြောက်ကြွသွားလျှင် ဖေါက်ပြန်ပြီဟု ဆိုရ ပေတော့မည်...။

သို့သော် မြောက်ကြွမြောက်ကြွ သွားခြင်းကို ဒေါမနဿပွားမိလျှင်မူ ရယ်စရာ ဖြစ်လိမ့်မည်မဟုတ်။ ထိုသို့သွားခြင်းကို အကောင်းမြင်ဝါဒနှင့်ကြည့်၍ ရယ်ရွှင်မိပါက ထိုအရာသည် ဟာသဖြစ်လာပေမည်။

မြန်မာတို့၏ ဟာသဆိုရိုးစကားတွင်မူ.....

' သူကိုယ်ပြုချက် ဖေါက်ပြန်တွက်လျှင် အလွန်ရွှင်လှ ရယ်သွမ်းကမူ ယူလေဟာသ' ဟူ၍ ဖေါ်ပြထားခဲ့သည်။

ဟာသကိုဖေါ်ပြရာ၌ အရာရာဖေါက်ပြန်မှုတို့အား အတွေးအခေါ် အယူအဆ ဝေါဟာရတို့ဖြင့် အဓိပ္ပါယ်ပေါက်အောင် အမြင်တစ်မျိုးနှင့် ဖေါ်ပြခြင်း မျိုးသာဖြစ်သည်။

သံချပ်၊ ဒိုးချင်း၊ ဆိုင်းဆင့်၊ ပတ်တိုက်၊ လေပြေထိုး၊ ရကန်သွား စသည့်ခြောက်မျိုးသည် မြန်မာတို့၏ ယဒယနလုံးရွှင်ပြုံးရာမှ ပေါ်ထွက်လာသော အခြေခံ ရိုးရာဟာသစစ်စစ်များ ဖြစ်သည်။

ဟာသသည် မှားသည်များကိုပြင်ရန်၊ မှန်နေသူများကို ပျော်ရွှင်စေရန် ပြုလုပ်ရသော ပညာရပ်တစ်ခုသာဖြစ်သည့်အတွက် မသင့်လျှော်သော အစိတ် အပိုင်း တစ်ခုမှတပ်ဆင်ထားခြင်းမရှိပါ။ အများသိသောသံချပ်ထိုးခြင်းပင်လျှင်

မှားယွင်းနေသော လောကသဘောကို ပြုပြင်နိုင်ရန် ဆိုင်းသံပေးပြီး သာယာနာပျော်ဖွယ်အသံဖြင့် အပြုသဘော ဟစ်ကြွေးခြင်းသာမဟုတ်လား။

လူတစ်ယောက်ကို နားခံသာအောင် ရှင်ပျစွာပြောဆိုခြင်းနှင့် နားမခံသာလောက်သည်အထိ ပြောဆိုခြင်းနှစ်မျိုး၌ ဘယ်အရာကို ရွေးချယ်ချင်ကြသနည်း။

လူတစ်ယောက်၏ လျှာသည် ထိုသူ၏ အောင်မြင်မှု၊ ကျရှုံးမှုများကို အဓိက တာဝန်ယူထားသော အစိတ်အပိုင်းထဲမှာပါဝင်သည်။

ထိုလျှာကပင် မှားသောစကားကိုဆိုနိုင်၍ ထိုလျှာကပင် အဆိပ်ကို အရသာမသိပဲ မြိုချကောင်း မြိုချပေလိမ့်မည်။ သို့သော် ကောင်းသောစကားကိုဆိုသူ၊ လှပသောတေးသံကျူးရင့်သူသည်လည်း ထိုလျှာပင်ဖြစ်ပေလိမ့်မည်။

ဟာသပညာသည် သင့်အားကောင်းသောစကားကို ဆိုစေပါသည်။ ယုတ်ရင်းကြမ်းတမ်းသောအပြုအမူများကို ဖယ်ရှားပေး၍ နိမ့်ကျနေသော သင်၏စိတ်ဓါတ်များကို မြှင့်တင်ပေးပါသည်။ ထို့ကြောင့် ဟာသပညာကို ရှေးဆရာကြီးများက အဋ္ဌာရသတစ်ဆယ့်ရှစ်ရပ်ထဲတွင် တခမ်းတနားထည့်သွင်းဖော်ပြ သင်ကြားခဲ့ကြသည်။

ကျွန်တော်စဉ်းစားကြည့်ပါသည်။

ရှေးဆရာကြီးများ သင်ကြားပေးခဲ့ကြသောအဋ္ဌာရသဆယ့်ရှစ်ရပ်မှ ဟာသပညာကို မည်သည့်သင်ရိုးနှင့်သင်ကြား ပေးခဲ့သနည်း။

ရှေးဆရာကြီးများက အနုပညာထဲတွင် စာပေပညာသည် သင်ကြားပေးရအခက်ဆုံးပညာအဖြစ် သတ်မှတ်ခဲ့ကြပြန်ပါသည်။

ကျွန်တော်ကိုယ်တိုင်လဲ ဟာသနှင့်ပတ်သက်သည်များကို လိုက်လံ ဖတ်ရှုစုဆောင်းခဲ့ပါသည်။ သို့သော် ဟာသပညာနှင့် ဆိုင်သောသင်ရိုးတစ်စွန်းတစ်စမှပင်မတွေ့ခဲ့ရဖူးပါ။

ထို့ကြောင့် ကျွန်တော်လက်ရှိဖြစ်ပေါ်နေသောချဉ်ခြင်းသည် ရှေးဆရာအဆက်ဆက်က အဋ္ဌာရသဆယ့်ရှစ်ရပ်တွင် သင်ကြားပေးခဲ့သော ဟာသပညာသင်ရိုးစာအုပ်သာ....

ငယ်စဉ်က ကျွန်တော့်အစ်ကိုကြီး ကဗျာတစ်ပုဒ် ဖတ်ပြသည်ကို ကြားခဲ့ရဖူးပါသည်။ ကဗျာဆရာကတော့ မည်သူဖြစ်ကြောင်း မသိတော့ပါ။ အစ်ကိုကိုမေးတော့လဲ သူလည်းမမှတ်မိတော့ပါ။ ထို့ကြောင့် ကဗျာဆရာ အမည်မဖော်ပြပေးနိုင်ခြင်းအတွက် ခွင့်လွှတ်ပေးကြပါကုန်။ ကဗျာလေး ကတော့ ရိုးပါသည်။

ပထမအရွယ် မောင်ဖိုးထယ်၊ လယ်ကိုထွန်ယက်နေပါသည်။

ဒုတိယအရွယ် ကိုဖိုးထယ်၊ လယ်ကိုထွန်ယက်နေပါသည်။

တတိယအရွယ် ဦးဖိုးထယ်၊ လယ်ကိုထွန်ယက်နေပါသည်။

ဒါလေးပဲဖြစ်၏ ။

ထိုနည်းလည်းကောင်းပင်....။

ကျွန်တော်တို့သည်လည်း ဟာသစာပေကိုဖက်တွယ်မိကြပြီ။ ပတ်သက် ခဲ့မိသည့်အလျှောက် ဟာသစာပေပေါ် အတန်အသင့်တော့ တာဝန်ကျေခဲ့ချင်သည်။ ထို့ကြောင့် အောက်ပါခေါင်းစဉ်အား ချရေးဖြစ်ခဲ့တော့သည်။